# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
# နိုင်ငံရေးပင်စင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
## (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၂/၂၀၁၁)
## ၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်
## (၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **နိုင်ငံရေးပင်စင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပင်စင်ဥပဒေ ပုဒ်မ ၁၇ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ကို အောက်ပါ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့ဖြင့် အစားထိုးရမည်-

(က) နိုင်ငံရေးတာဝန်ထမ်းဆောင်ခဲ့သော ကာလစုစုပေါင်း အနည်းဆုံး ၄ နှစ်ပြည့်မှသာ နိုင်ငံရေးဆုငွေခံစားခွင့်ရှိသည်။ သို့ရာတွင် နိုင်ငံရေးဆုငွေကို နိုင်ငံရေးတာဝန် ဆက်လက်ပေးအပ်ခြင်းမခံရသည့်အခါမှသာ ခံစားခွင့်ရှိသည်။ နိုင်ငံရေးဆုငွေကို တွက်ချက်ရာတွင် နိုင်ငံရေးတာဝန်ထမ်းဆောင်ခဲ့သည့် ကာလအတွက် တစ်နှစ်လျှင် နိုင်ငံရေးတာဝန်အရ သတ်မှတ်ထားသော လစာငွေတစ်လအတွက်နှင့် ညီမျှသော နိုင်ငံရေးဆုငွေကို တွက်ချက်ရမည်။

(ခ) နိုင်ငံရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီး၊ ကျန်းမာရေးကြောင့်ဖြစ်စေ ထိခိုက်ဒဏ်ရာရ၍ဖြစ်စေ၊ စည်းရုံးရေးအရဖြစ်စေ တာဝန်ဆက်လက်ပေးအပ်ခြင်းမခံရလျှင် သို့မဟုတ် ကွယ်လွန်လျှင် တာဝန်ထမ်းဆောင်ခဲ့သည့် ကာလသတ်မှတ်ချက်မထားဘဲ နိုင်ငံရေးတာဝန်ကို ထမ်းဆောင်သည့် ကာလအတွက် နိုင်ငံရေးဆုငွေကို ခံစားခွင့်ရှိသည်။ နိုင်ငံရေးဆုငွေကို တွက်ချက်ရာတွင် နိုင်ငံရေးတာဝန်ထမ်းဆောင်ခဲ့သည့်ကာလအတွက် တစ်နှစ်လျှင် နိုင်ငံရေးတာဝန်အရ သတ်မှတ်ထားသော လစာတစ်လအတွက်နှင့် ညီမျှသော နိုင်ငံရေးဆုငွေကို တွက်ချက်ရမည်။

၃။ ဤဥပဒေပုဒ်မ ၂ ပါ နိုင်ငံရေးဆုငွေနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များသည် ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်၍ အကျိုးသက်ရောက်စေရမည်။

(ပုံ)
သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ